ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀၀ ကျပ် ငွေတစ်ထောင်ကျပ် K 1000

# "အပေါင်စာချုပ်"

**သန်လျင်အိမ်ရာဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၉၆၈၁၀၈၆၊ အမှတ်-၁၊** ရုံးများရိပ်သာဝင်း၊ ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ကုမ္ပဏီကိုယ်စား (၁၄-၉-၂၀၂၀) ရက်စွဲပါအစည်းအဝေးမှတ်တမ်းအရဒေါ်တင်ဝင်းငယ် (ဘ) ဦးတင်ဝင်း(၁၂/မရက(နိုင်)၀၀၆၂၁၄) ကိုယ်စားလှယ်လက်မှတ်ရေးထိုးသည်။)**ကိုင်ဆောင်သူကပေါင်နှံသူဖြစ်ကြ၍ ရောဝတီဘဏ်လီမိတက်ကအပေါင်ခံသူဖြစ်ပြီး ဤအပေါင်စာချုပ်ကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာ လ ( ၂၈ )ရက်နေ့တွင် ရန်ကုန်မြို့၌ပြုလုပ်ချုပ်ဆိုကြပါသည်။

ပေါင်နှံသူဟူသောစကားရပ်တွင်ပေါင်နှံသူနှင့်တကွ ၎င်းတို့၏အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တရားဥပဒေအရဆက်ခံသူများ၊ အုပ်ချုပ်မှုကော်မတီဝင်များ၊ ဆက်ခံလုပ်ဆောင်သူများ၊ ၎င်းကုမ္ပဏီက ကိုယ်စားလှယ်အဖြစ်လွှဲအပ်ခြင်းခံရသူများနှင့်အမွေထမ်းများအားလုံးပါဝင်ကြသည်ဟုမှတ်ယူကြပါသည်။

အပေါင်ခံသူဟူသောစကားရပ်တွင် ရောဝတီဘဏ်လီမိတက်၏အုပ်ချုပ်မှုကော်မတီဝင်များ၊ ဆက်ခံလုပ်ဆောင်သူများ၊ ၎င်းဘဏ်ကကိုယ်စားလှယ်အဖြစ်လွှဲအပ်ခြင်းခံရသူများနှင့်၎င်းဘဏ်အတွက်စာရင်းအရှင်းအရာရှိတို့ပါဝင်သည်ဟုမှတ်ယူကြပါသည်။

အပေါင်ခံသူဘဏ်နှင့် ပေါင်နှံသူသည် ဤအပေါင်စာချုပ်ကိုပြုလုပ်ချုပ်ဆိုကြရာတွင် ပေါင်နှံသူက အောက်ဇယား(၁)တွင်ဖော်ပြထားသည့်အပေါင်ပစ္စည်းကိုအရှုပ်အရှင်းမရှိ၊ တရားဝင်ပိုင်ဆိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ဤတိုက်ခန်းကိုပေါင်နှံခွင့်ရှိကြောင်း၊ ထိုတိုက်ခန်းမှာ တရားရုံးတစ်ခုခုတွင်တရားတထုံးစွဲဆိုခံနေရခြင်းမရှိကြောင်း၊ ပေါင်နှံသူနှင့်အပေါင်ခံသူတို့သည်ယခုနှင့်နောင်တွင်ကြွေးမြီး တင်ရှိခြင်းရှိမည်ဖြစ်လျက်အပေါင်ခံသူသည် ပေါင်ပြုသူများသို့ ကြိုတင်ထုတ်ပေးမည့်ငွေကျပ်အသီးသီးအပါအဝင်တင်ရှိမည့်ကြွေးမြီးများကိုရှေ့တွင် ဖော်ပြမည့်အတိုးဖြင့် ခွင့်ပြုရန်ဆန္ဒရှိသည်ဖြစ်၍ဤကြွေးမြီးအဝဝကိုပြန်လည်ပေးဆပ်ရန်အာမခံအဖြစ်ထိုပစ္စည်းကိုဆက်လက်ဖော်ပြမည့်နည်းလမ်းအတိုင်းတည်ရှိစေလိုသည်ဖြစ်သောကြောင့် အောက်ပါအချက်များကိုပေါင်နှံသူနှင့်အပေါင်ခံသူတို့ကသဘောတူညီကြပါကြောင်း ဝန်ခံကတိပြုကြပါသည်။

၁။ ဤတိုက်ခန်းကိုပိုင်ရှင်ဖြစ်သောပေါင်နှံသူကလက်ရောက်ပေးအပ်ခြင်းမပြုဘဲ တင်ရှိဆဲ၊ တင်ရှိမည့်ကြွေးမြီများအတွက်လက်မဲ့အပေါင်အဖြစ်ပေါင်နှံအပ်ပါသည်။ ပေါင်နှံသူမှတင်ရှိမည့်ကြွေးမြီအရပ်ရပ်ကိုပြန်လည်ပေးဆပ်ရန်အတွက်အာမခံအဖြစ်အပေါင်ပစ္စည်းတစ်လုံးတစ်ပါတည်းကိုဖြစ်စေ၊ ထိုပစ္စည်း၏အကျိုးခံစားခွင့်ကိုဖြစ်စေပေါင်နှံပါသည်။ တင်ရှိဆဲ၊ တင်ရှိမည့်ကြွေးမြီးအရပ်ရပ်တွင်အဓိကမြီးစားအဖြစ်နှင့်ဖြစ်စေ၊ အာမခံနှင့်ခံဝန်ချုပ်ဆိုသူအနေနှင့်ဖြစ်စေပေးဆပ်ရမည့်တာဝန်အရပ်ရပ်တွင်ကော်မရှင်နှင့်အခြားစရိတ်များအားလုံးနှင့် တစ်နှစ်လျှင် (၁၀)ရာခိုင်နှုန်းဖြင့်အတိုးငွေများအပြင် နှစ်ဖက်သဘောတူသည့်အသုံးစရိတ်နှင့်ကုန်ကျငွေအရပ်ရပ်တို့လည်း ပါဝင်မည်ဖြစ်ပြီး၊ အပေါင်ချေးငွေအရင်းကျပ် 144,128,000/-(ကျပ်တစ်သောင်းလေးရာလေးဆယ့်တစ်သိန်း နှစ်သောင်းရှစ်ထောင်တိတိ)ကိုပေါင်နှံသူက အပေါင်ခံသူသို့ပေးရန်ငွေအဖြစ်တည်ရှိမည်ဖြစ်ပါသည်။

1/MN

၂/သို့

တံဆိပ်ခေါင်းရောင်းချသူ

______ အတအညည် ______

မှတ်ပုံတင်အမှတ် ______

ရောင်းရသည့်နေ့စွဲ ______

တံဆိပ်ခေါင်းအမှတ်စဉ် ______

ဝယ်ယူသူ၏နေရပ်လိပ်စာ ______

တံဆိပ်ခေါင်းတန်ဖိုး ______

ရောင်းချသူ၏လက်မှတ် ______

၂။ ပေါင်နှံသူသည်ဤစာချုပ်တွင်ဖော်ပြထားသောငွေများကို ကိုယ်တိုင်(သို့မဟုတ်)ပေါင်နှံသူတစ်ဦးထက်ပို လျှင်ပူးတွဲ၍သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း၊ ပြန်ဆပ်ရန်တာဝန်ရှိစေရမည့်အပြင်တာဝန်လည်းယူရမည်။ အပေါင်ပစ္စည်းများမှရရှိသောငွေသည်ပေးဆပ်ရန်ရှိသောငွေထက်လျော့နေသောကိစ္စ၌အပေါင်ခံသူသည် အဆိုပါလျော့ငွေကိုပေါင်နှံသူကိုယ်တိုင်ထံမှလည်းကောင်း၊ ပေါင်နှံသူပိုင်အခြားရွှေ့ပြောင်းနိုင်သောပစ္စည်း (သို့မဟုတ်) မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှလည်းကောင်းရယူပိုင်ဆိုင်ခွင့်ရှိစေရမည်။ ထို့ပြင်ပေါင်နှံသူသည် ဤစာချုပ်တွင်ဖော်ပြသောငွေများကို အပေါင်ခံသူနှင့်သဘောတူသည့်အချိန်တွင်ပေးဆပ်ရန် ဤစာချုပ်အရသဘောတူပါသည်။

၃။ ဤအာမခံသည်ဆက်လက်တည်ရှိသောအာမခံဖြစ်ရမည့်အပြင် မည်သည့်နည်းဖြင့်လည်းကောင်း၊ မည်သည့်အခါ၌မဆိုလည်းကောင်း ပေါ်ပေါက်လာရန်ရှိသည်လည်းဖြစ်၍ပေါင်နှံသူကအပေါင်ခံသူသို့ပေးရန်ရှိသည် လည်းဖြစ်သော အခိုက်အတန့်အားဖြင့် လက်ကျန်ငွေဖြစ်သည့်ငွေအရပ်ရပ်ကိုလည်း သက်ဆိုင်စေရမည်ဟု လည်းကောင်း၊ အပေါင်ခံသူ၊ ပေါင်နှံသူ၏သက်ဆိုင်သောငွေစာရင်းတစ်ခုကို (သို့မဟုတ်)အများကို ဤအာမခံကိစ္စများအလို့ငှာ ပိတ်သည်ဟူ၍မယူဆဟုလည်းကောင်း၊ (သို့မဟုတ်) အခါမရွေးရောက်လာသောအကြောင်းကြောင့် ဤအာမခံကုန်ဆုံးသည် ဟူ၍မယူဆရဟုလည်းကောင်း ဤစာချုပ်ဖြင့်ကြေညာပါသည်။

၄။ အပေါင်ခံသူများ၏ငွေစာရင်းစာအုပ်များတွင်ပါရှိသည်လည်းဖြစ်၍အပေါင်ခံဘဏ်အရာရှိတစ်ဦးက လက်မှတ်ရေးထိုးသည်လည်းဖြစ်သောသက်ဆိုင်ရာငွေစာရင်း၏မိတ္တူ (သို့မဟုတ်)ဘဏ်စာရင်းရှင်းတမ်းသည်ပေါင်နှံသူ အပေါ်တွင် ဘဏ်ကရရန်ရှိသောငွေအတွက် အပြီးသတ်သက်သေခံဖြစ်စေရမည်ဟု ပေါင်နှံသူကသဘောတူပါသည်။

၅။ အာမခံအဖြစ်ပေးအပ်တင်သွင်းသည့်တိုက်ခန်းနှင့်ပတ်သက်၍မီးအာမခံထားခြင်း အပါအဝင်တည်ဆဲ ဥပဒေ၊ နည်းဥပဒေတစ်ရပ်ရပ်အရပေးအပ်ဆောင်ရန်ပေါ်ပေါက်လာသောစည်းကြပ်အခွန်အခများနှင့် အခြားကုန်ကျစရိတ် တို့ကိုပေါင်နှံသူကအပြည့်အဝပေးဆောင်ရန်ကိုလည်းသဘောတူတာဝန်ယူပါသည်။

၆။ အပေါင်ပစ္စည်းမှာကြွေးမြီးတာဝန်ဟူသမျှမှကင်းလွတ်ကြောင်းကိုလည်းကောင်း၊ အထက်ဆိုခဲ့သည့် နည်းလမ်းအတိုင်း အပေါင်ခံသူသို့ပေါင်ခြင်းဖြင့် အပေါင်ပစ္စည်းလွှဲပြောင်းပေးနိုင်ရန်အတွက် ပေါင်သူမှအခွင့်အာဏာအပြည့် အဝရှိကြောင်းကိုလည်းကောင်း၊ ပေါင်နှံသူကအပေါင်ခံသူအား အာမခံပြီးဖြစ်ပါသည်။ ဤစာချုပ်အောက်တွင်ရေးသား ထားသော ဒုတိယဇယား၌သီးခြားဖော်ပြထားသည့်အပေါင်ပစ္စည်းများနှင့်သက်ဆိုင်သောပိုင်ဆိုင်ခွင့်စာချုပ်များကိုလည်း ပေါင်နှံသူများမှအပေါင်ခံသူသို့ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အပေါင်ပစ္စည်းကို အခြားသူတစ်ပါးထံသို့ထပ်မံ၍အာမခံတင်သွင်းခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများမပြုလုပ်ပါဟု တာဝန်ယူကတိပြုပါသည်။

၇။ အပေါင်ပစ္စည်းလွှဲပြောင်းရေးအတွက် အပေါင်ခံသူကလိုအပ်သော(သို့မဟုတ်)လိုအပ်နိုင်သောကိစ္စတစ်ခုခု ကို ပြုလုပ်ရန် (သို့မဟုတ်)စာချုပ်တစ်ခုခုကိုချုပ်ဆိုရန် (သို့မဟုတ်)အကြောင်းချက်တစ်ခုခုကိုမှတ်ပုံတင်ရန် အပေါင်ခံသူက တောင်းဆိုသည့်အခါပေါင်နှံသူများသည် မိမိတို့၏စရိတ်ဖြင့်ထိုသို့ပြုလုပ်ရန်ချုပ်ဆိုရန် (သို့မဟုတ်)မှတ်ပုံတင်ရန်သော် လည်းကောင်းသဘောတူပါသည်။

စာချုပ် ____ အသားအသည် ____
အမျိုးသားမှတ်ပုံတင်အမှတ် ____
ရောင်းရေးသည့်နေ့စွဲ ____
တံဆိပ်ခေါင်းအမှတ်စဉ် ____
ဝယ်ယူသူ၏နေရပ်လိပ်စာ ____
တံဆိပ်ခေါင်းတန်ဖိုး ____
ရောင်းချသူ၏လက်မှတ် ____






၈။ အောက်ပါကိစ္စများတွင် အပေါင်ငွေများပေးရန်ပျက်ကွက်ပါက အပေါင်ပစ္စည်း၌နေထိုင်သူများအားဖယ်ရှားရန် သော်လည်းကောင်း၊ အပေါင်ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းအစိတ်အပိုင်းတစ်ခုကိုဖြစ်စေ၊ ရောင်းရန်သော်လည်းကောင်း၊ ရောင်းခြင်းကိုသော်လည်းကောင်း၊ အပေါင်ခံသူတွင်ဖြစ်စေ၊ အပေါင်ခံသူ၏ကိုယ်စားလှယ်ဆောင်ရွက်သူတစ်ဦးဦးကိုဖြစ်စေ၊ တရားရုံး၏စွက်ဖက်ခြင်းမရှိဘဲ အခွင့်အာဏာရှိရမည်ဟူ၍ဤစာချုပ်အရထပ်မံသဘောတူ၍ကြေညာအပ်ပါသည်။

(က) ဤစာချုပ်အရဖြစ်သော အာမခံပေါ်တွင်အခိုက်အတန့်အားဖြင့်တည်ရှိနေသော ငွေများကိုလည်းပေးဆပ်ရန် ပေါင်နှံသူများအားတောင်းဆိုသောနို့တစ်စာကိုအပေါင်ခံသူကပေါင်နှံသူအားချအပ်သည်ဖြစ်၍အဆိုပါ နို့တစ်စာချအပ်ပြီးသည့်နောက်ဆုံးလတွင် အဆိုပါငွေများကိုပေးဆပ်ရန်ပျက်ကွက်သည့်ကိစ္စ။

(ခ) ထို့အပြင် အထက်ပါအပိုဒ်(ဂ)အရအပေါင်ခံသူကအပေါင်ပစ္စည်းကိုရောင်းချပါကအပေါင်ခံသူသည်ပေါင်နှံသူ အတွက်လည်းကောင်း၊ ပေါင်နှံသူကိုယ်စားလည်းကောင်း၊ ပေါင်နှံသူအမည်ဖြင့်လည်းကောင်း၊ အပေါင်ပစ္စည်းရောင်းချခြင်းစာချုပ်ကို ချုပ်ဆိုခြင်းနှင့်မှတ်ပုံတင်ခြင်းအတွက်အခွင့်အာဏာရှိရမည်ဟု ထပ်မံသဘောတူကြေညာအပ်ပါသည်။

အထက်ကဆိုခဲ့သည့်အတိုင်း ရောင်းချခြင်းမှရရှိသောငွေများကိုအပေါင်ခံသူကယုံကြည်အပ်နှင်းခံရသူအနေဖြင့် လက်ရှိထား၍ထိုသို့ရောင်းချရာတွင် ကုန်ကျစရိတ်များကိုဖြစ်စေ၊ ထိုသို့ရောင်းချခြင်းနှင့်စပ်လျဉ်း၍အခြားနည်းဖြင့် ကုန်ကျသည့်စရိတ်များကိုဖြစ်စေ၊ အဆိုပါငွေများထဲမှ ပထမအနေဖြင့်ပေးရမည်ဟုလည်းကောင်း၊ ဆက်လက်ထားရှိရမည်ဟုလည်းကောင်း၊ ဒုတိယအနေဖြင့် ဤစာချုပ်အရဖြစ်သောအာမခံပေါ်တွင်ရရန်ရှိသောငွေများကို အပေါင်ခံသူအတွက်နုတ်ယူရမည်ဟုလည်းကောင်း၊ နောက်ဆုံးအနေဖြင့် လက်ရှိအပေါင်ခံသူသို့ ထိုသို့အပြေအလည်ပေးဆပ်ပြီးသည့်နောက် (ပိုငွေရှိပါက)ပိုငွေကို ပေါင်နှံသူသို့ပေးရမည်ဟုလည်းကောင်း၊ စာချုပ်အားဖြင့်နောက်ထပ်သဘောတူ၍ကြေညာပါသည်။ သို့ရာတွင် အပေါင်ခံသူသည်အဆိုပါပိုငွေရှိလျှင် ထိုပိုငွေကိုသိမ်းဆည်းထား၍ပေါင်နှံသူက အပေါင်ခံသူအားပေးရန်ရှိသည် (သို့မဟုတ်)ပေးရန်အချိန်စေ့ရောက်သည့်အခြားငွေ(သို့မဟုတ်)ငွေများကို ယင်းငွေများအတွက်အာမခံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပေါင်နှံသူပေးဆပ်နိုင်ရန်အတွက်သုံးစွဲခွင့်ရှိကြောင်း ဤစာချုပ်အရ နောက်ထပ်သဘောတူ၍ကြေညာအပ်ပါသည်။

အထက်ကဆိုခဲ့သည့်ရောင်းပိုင်ခွင့်အာဏာဖြစ်ပေါ်လာသောအခါ၌အပေါင်ပစ္စည်းကိုအပြီးအပြတ် မရောင်းချရသေးမီကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်ရန်အလို့ငှာလက်ရောက်သိမ်းယူထားရန်လိုအပ်သည်ဟု မိမိထင်မြင်လျှင် အပေါင်ခံသူသည် နို့တစ်စာမပေးဘဲ ထို့ပြင် အပေါင်ခံသူ၏အခြားအခွင့်အရေးများကိုလည်း မထိခိုက်မနစ်နာစေဘဲ အပေါင်ပစ္စည်းများရှိရသို့ ဝင်ရောက်၍အပေါင်ပစ္စည်းကိုလက်ရောက်သိမ်းယူခွင့်အာဏာရှိရမည်ဟူ၍လည်း သဘောတူညီကြပါသည်။

၉။ ပေါင်နှံသူကပေးဆပ်ရန်ရှိသမျှအားလုံးကိုပေးဆပ်ခြင်းပြုပြီးသည့်အခါ အပေါင်ခံသူသည် ပေါင်နှံသူသို့ ပိုင်ဆိုင်ခွင့်စာချုပ်အားလုံးကိုပြန်လည်ပေးအပ်ရမည့်အပြင် အပေါင်ပစ္စည်းကိုကြွေးမြီး တာဝန်ဟူသမျှမှကင်းလွတ်စေလျက် ပေါင်နှံသူသို့ပြန်လည်လွှဲပြောင်းပေးအပ်၍ပြန်လည်လွှဲပြောင်းစာချုပ်ကို ပေါင်နှံသူ၏အကျိုးအတွက်ပေါင်နှံသူ၏စရိတ်ဖြင့် ချုပ်ဆိုပေးရမည်။

3/MN

၄/သို့

______ အသအသည် ______
မှတ်ပုံတင်အမှတ် ______
ရသည့်နှုန်း ______
______
______
______
လက်မှတ် ______

REPUBLIC OF THE UNION OF MYANMAR

REVENUE STAMP

K 100



<u>ပထမဇယား</u>

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းရပ်ကွက်၊ မြေကွက်အမှတ်(၁၃-**A**)၊ ကြယ်စင်မြို့တော်အိမ်ရာ၊ **(Star City) Zone C** အတွင်းရှိ **(Galaxy Tower** )တိုက်အမှတ်**(4)**၊ **25th Floor** ၊ အခန်းအမှတ်**(2503)**၊ အကျယ်အဝန်း **(1417)Sq.ft** ရှိ တိုက်ခန်းအပါအဝင်၎င်းတိုက်ခန်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အားလုံး။

<u>အထက်တွင်ရည်ညွှန်းထားသောဒုတိယဇယား</u>

<u>(လက်ရောက်ပေးအပ်သောပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများ)</u>

၁။ ကြယ်စင်မြို့တော်အိမ်ရာ၊ Star City Zone(C) အတွင်းရှိ(၂၅)ထပ်တိုက်(A-1)အတွက်အဆောက်အအုံပြီးစီးကြောင်းသက်သေခံလက်မှတ်မိတ္တူ။

၂။ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာတစ်စောင်မူရင်း။

အထက်အပိုဒ်(၁)မှ (၁၀)ပါ စာသားများအားလုံးတို့ကို သက်သေခံသောအနေဖြင့် ၂၀ ခုနှစ်၊ လ ( )ရက်၌မိမိတို့၏ကျန်းမာလွတ်လပ်သောသဘောဆန္ဒဖြင့် အောက်ပါအသိသက်သေများရှေ့မှောက်တွင် ဤစာချုပ်ကိုချုပ်ဆိုခဲ့ပါသည်။

<u>အသိသက်သေများ</u>

၁။ လက်မှတ်------------------------
အမည် မခင်စပယ်ဖြူ(ခ)သက်ထားဆွေ
မှတ်ပုံတင်(၁၂/လသန(နိုင်)၀၂၂၁၈၄)
နေရပ် အမှတ်-၁၅၆၊ ဗိုလ်ရွဲလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။

သန်လျင်အိမ်ရာဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်
(ကုမ္ပဏီကိုယ်စား(၁၄-၉-၂၀၂၀)ရက်စွဲပါအစည်းအဝေးမှတ်တမ်းအရဒေါ်တင်ဝင်းငယ်(ဘ)ဦးတင်ဝင်း (၁၂/မရက(နိုင်)၀၀၆၂၁၄)ကိုင်ဆောင်သူမှလက်မှတ်ရေးထိုးသည်။)

<u>ပေါင်နှံသူ</u>

၂။ လက်မှတ်------------------------
အမည် အောင်ကြည် နေဝင်း
မှတ်ပုံတင်-၁၂/အစန(နိုင်)၂၀၈၄၄၀
နေရပ် အမှတ်(၇၃)၊ မားဂရက်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ရောဝတီဘဏ်လီမိတက်

<u>အပေါင်ခံသူ</u>

4/MN

တံဆိပ်ခေါင်းရောင်းချသူ

____ အသအခည်
အမျိုးသားမှတ်ပုံတင်အမှတ် ____
ရောင်းချသည့်နေ့စွဲ ____
တံဆိပ်ခေါင်းအမှတ်စဉ် ____
ဝယ်ယူသူ၏နေရပ်လိပ်စာ ____
တံဆိပ်ခေါင်းတန်ဖိုး ____
ရောင်းချသူ၏လက်မှတ် ____